ဓမ္မစကြာသုတ် နှင့် အနတ္တလက္ခဏာသုတ်

ပါဠိ - နိဿယ - မြန်မာပြန်

မဟာစည်ဆရာတော်ဘုရားကြီး၏ဟောကြားခဲ့သောတရားတော်

ဝ၂

၂၇၉၅၅
၁၅.၁၁.၁၁

သူရဉီးထွန်းတင် - ဒေါ်မြင့်မြင့်သိန်း
မိသားစုတို့၏ ဝမ္မဒါန
(၁၄.၂.၂၀၀၀)

သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ။

ဓမ္မစက္ကပ္ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်း ဖြစ်သော သီလဂုဏ် သမာธิဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေထသော သစ္စာညေျှမမှအပုံအလုံးစုံကို အကုန်မကျန်မြတ်ရှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေထသော ဣသိရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားအားဘုရားတပည့်တော်၏ရိုခိုးခြင်းသည် ဖြစ်ပါစေသတည်းဘုရား။

Homage to the exalted the worthy, the fully enlightened the Buddha supreme.

ဘိက္ခုန် ပဋ္ဌဝဂ္ဂိန်၊ ဣသိပတနနာမကေ။ ဗာရာဏသိယေ စမ္ပဝရ်၊ ယံ တံ နိဿာနပါပက်။ သဟမ္ပတိနာမကေန၊ မဟာဗြဟ္မေန ယာစိတော။ စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ဗတ္တိသာဝကံ။ သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။ ဧဝံ မေ သုတံ၊

(၁) ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တပါးသောအခါ၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီနေပြည်တော်ကြီး၏အနီး၌ ရှေးခါခေတ်ဟောင်းရသေ့သူမြတ်အပေါင်းတို့၏သက်ဆင်းရာ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌ သီတင်းသုံးနေတော်မူ၏။

At one time, the Bhagava was dwelling in Benares, at the deer park, Isipatana.

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ-

ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌ မြတ်စွာဘုရားသည် ကောဏ္ဍည အမှူး ငါးဦးအစုအဝေးရှိကုန်သော ရဟန်းတို့ကို ခေါ်တော်မူ၏။

Then the Bhagava addressed the group of five Bhikkhus.

(၂) ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။

ချစ်သားရဟန်းတို့ သာသနာတော်ထမ်း ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် နှစ်ပါးကုန်သော အစွန်းသမုတ် အယုတ်ခေါ်ငြား ဤတရားတို့ကို မမှီဝဲအပ်ကုန်။

These two extremes, Bhikkhus should not be followed by one who has given up the world.

'ကတမေ ဒွေ ယော စာယံ ကာမေသု ကာမ သုခ~ လ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

(အစွန်းအယုတ်ဟူသမုတ်အပ်ကုန်သော) တရား:နှစ်ပါးတို့သည် အဘယ်တရားတို့နည်း။ (ချစ်သားရဟန်းတို့) ယုတ်မာသောရွာသူရွာသား မြို့.သူမြို့.သား:တို့၏ လက်ကိုင်ဖြစ်သော ပုထုဇဉ်သတ္တဝါတို့၏ အလေ့အမှုအရာဖြစ်သော အရိယာပုဂ္ဂိုလ်တို့နှင့်မဆိုင်သော အကျိုးတစုံတရာနှင့်မျှ မစပ်ယှဉ်သော လောကီအာရုံကာမဂုဏ်တို့၌ ကာမချမ်းသာကို သာယာတုံ့ငြား လိုက်စား:အား:ထုတ်မှုဟု ဆိုအပ်သော အကြင်အစွန်းသမုတ် အယုတ်တရား:မျိုးသည်လည်း ရှိလေ၏။

Which two?

A life given to attractive sense pleasures, low, vulgar of the average folk, ignoble, unprofitable.

ကောက စသည် အကျင့်ကိုလည် ပယ်ရှားနေသောကေါ ဒုက္ခာ အနရိယော အနတ္ထ သံဟိတော။

ကိုယ်ချမ်းသာမဖက် ဆင်းရဲမှုသက်သက်မျှသာဖြစ်သော အရိယာပုဂ္ဂိုလ်တို့နှင့်မဆိုင်သော အကျိုးတစုံတရာနှင့် မစပ်ယှဉ်သော ရေရှည် မီးလှိုဆူးပုံ၌အိပ်ခြင်း အစရှိသည့် မိမိကိုယ်ပင်ပန်းအောင် သာလွန်စွာကြိုးပမ်းလေ့ရှိသော အကြင်အစွန်းသမုတ် အယုတ်တရားမျိုးသည်လည်းရှိလေ၏။

And a life given to self-torment. which is suffering. ignoble and unprofitable

(၃) ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မ ဗျိမ္ဈာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

ချစ်သားရဟန်းတို့ စင်စစ်နှစ်ပါးကုန်သော ထိုအစွန်းသမုတ်အယုတ်တရားတို့ကို မကပ်မရောက်မူ၍ ငါဘုရားသည် အကြင်အလယ်လမ်းဟူဆိုအပ်သောအကျင့်မြတ်ကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍သိတော်မူအပ်လေပြီ။ (ထိုအလယ်လမ်းဟူဆိုအပ်သော အကျင့်မြတ်သည်) သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ၊ ဉာဏ်ကွန်မြူး၍အထူးသိစေခြင်းငှာ၊ မဘောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ၊ ဒုက္ခခစ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ ဖြစ်၏။

And what Bhikkhus, is the middle course fully understood by the Tathagata. Making for vision. Making for knowledge, which leads to tranquility, to higher knowledge, to ENLIGHTNMENT to Nibbana.

ဣဒမေव အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ထိုအလယ်လမ်းဟူ ဆိုအပ်သော အကျင့်မြတ်သည် အဘယ်နည်း။ အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤမဂ္ဂင်ရှစ်ပါးတရားသည်ပင်လျှင်တည်း။

It is, this Noble Eightfold Path itself.

သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာธิ။

ဤမဂ္ဂင်ရှစ်ပါးတရားဟူသည် အဘယ်နည်း။

ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်း၊

Namely, Right view, Right thought, Right speech, Right bodily action, Right livelihood, Right endeavour, Right mindfulness, Right concentration.

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

ချစ်သားရဟန်းတို့ ဤအလယ်လမ်းဟု ဆိုအပ်သောအကျင့်မြတ်ကို ငါဘုရားသည် သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။ ဤအလယ်လမ်းဟုဆိုအပ်သောအကျင့်မြတ်သည် သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ ကိလေသာမီးအပြီးချုပ်ငြိမ်းစေခြင်းငှာ၊ ဉာဏ်ကွန်မြူး၍အထူးသိစေခြင်းငှာ၊ မဘောက်မပြန်မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာဖြစ်၏။

This, Bhikkhus, is the middle course fully understood by the Tathagata. Making for vision, Making for knowledge, which leads to tranquility, to higher knowledge, to ENLIGHTENMENT, to Nibbana.

(၄) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊

ချစ်သားရဟန်းတို့ ဤဆင်းရဲခြင်းသဘောဟုဆိုအပ်သော မဘောက်မပြန်မှန်ကန်သော အရိယသစ္စာတရားသည်ရှိ၏။ (အဘန်ဘန်) ပဋိသန္ဓေနေရမှုကြီးသည်လည်း ဆင်းရဲ၏။ (အဘန်ဘန်) အိုရမှုကြီးသည်လည်း ဆင်းရဲ၏။ (အဘန်ဘန်) နာရမှုကြီးသည်လည်း ဆင်းရဲ၏။ (အဘန်ဘန်) သေရမှုကြီးသည်လည်း ဆင်းရဲ၏။

And this, Bhikkhus, is the Noble Truth about suffering. Birth is suffering, Old age is suffering, Illness is suffering, Death is suffering.

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

မချစ်မနှစ်အပ်ကုန်သောသူတို့နှင့် အတူတကွယေါင်းသင်း၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။ ချစ်နှစ်သက်အပ်ကုန်သောသူတို့နှင့် ကွေကွင်းခွဲခွာ၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။ အကြင်တောင့်တခြင်း အလိုရှိခြင်းကိုလည်းမရ၊ ထိုလိုအင်ဆန္ဒဖြင့် တောင့်တတိုင်းမရမှုကြီးသည်လည်း ဆင်းရဲ၏။ အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲအစစ်တို့သာတည်း။

Association with those we do not love is suffering, Separation from those we love is suffering, Not to get what one desires is suffering. In brief, the five aggregates of clinging are suffering.

(၅) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ချစ်သားရဟန်းတို့ ဤဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော မမေါက်မပြန်မှန်ကန်သောအရိယသစ္စာတရားသည်ရှိ၏။ အကြင်သာယာနှစ်သက်မှုကြီးဟုဆိုအပ်သောတဏှာမေါတ်သည် ဘဝအသစ်အသစ်ကိုတဖန်ဖြစ်စေတတ်သောသဘောရှိ၏။ နှစ်သက်ခြင်း တပ်မက်ခြင်းဖြစ်၍နေ၏။ ထိုသို့အာရုံတို့၌ မြူးခုန်ပြေးလွှား ကျက်စားသာယာ၍နေ၏။ ဤတဏှာသည် အဘယ်နည်း။ ကာမအာရုံတို့၌ ခုံမင်တပ်မက်၍နေသော တဏှာငင်း၊

မြဲသည်ဟုအယူရှိ၍သဿတဒိဋ္ဌနှင့်ယှဉ်သောတဏှာ၄င်း၊ မမြဲဟုအယူရှိ၍ ဥစ္ဆေဒဒိဋ္ဌနှင့်ယှဉ်သောတဏှာ၄င်း၊ဤတဏှာသဘောသုံးပါးပင်လျှင်တည်း။

And this, Bhikkhus, is the Noble Truth of the uprising of suffering. It is that craving, which is potent for rebirth, is accompanied by pleasure and lust, seeking satisfaction, now here, now there. Namely, The craving for sensual pleasures, The craving for existence, The craving for non-existence.

(၆) ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေव တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ချစ်သားရဟန်းတို့ ဤဒုက္ခစင်သိမ်းတို့၏ ချုပ်ငြိမ်းမှုသဘောကြီးဖြစ်သော မဖေါက်မပြန်မှန်ကန်သော အရိယာသစ္စာတရားသည်ရှိ၏။ ဤတဏှာ လောဘ၏သာလျှင် အကြင် အကြွင်းမဲ့ ပယ်ပျောက်ချုပ်ဆုံးမှုသည်၄င်း၊ အကြင် စွန့်လွှတ်မှုသည်၄င်း၊ အကြင် ဝေးစွာစွန့်လွှတ်မှုသည်၄င်း၊ အကြင် ကျွတ်လွှတ်ထွက်မြောက်မှုသည်၄င်း၊ အကြင် မငြိမကပ်မှုသည် ၄င်း၊ (ဤနိဗ္ဗာန်သဘောတရားကြီးပင်လျှင်တည်း)

And this, Bhikkhus, is the Noble Truth of the cessation of suffering. It is the utter fading away and cessation at that very craving, The giving it up, The abandoning it, The detachment from it.

(၇) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေव အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယ္ယထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ချစ်သားရဟန်းတို့ ဤဒုက္ခစင်သိမ်းချုပ်ငြိမ်းမှု နိဗ္ဗန်သို့ဆိုက်ရောက်ကြောင်း အကျင့်မြတ်သဘောကြီးဖြစ်သော မဖေါက်မပြန် မှန်ကန်သော အရိယသစ္စာတရားသည်ရှိ၏။ အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဤမဂ္ဂင်ရှစ်ပါးတရားသည် ပင်လျှင်တည်း။ (ဤမဂ္ဂင်ရှစ်ပါးတရားဟူသည်)အဘယ်နည်း။ ကောင်းစွာ မြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်း၊ (ဤမဂ္ဂင်ရှစ်ပါးတရား အကျင့်လမ်းကြီးပင်လျှင်တည်း)

And this, Bhikkhus, is the Noble Truth of the course leading to the cessation of suffering. It is the Noble Eightfold Path. Namely, Right view, Right thought, Right speech, Right bodily action, Right livelihood, Right endeavour, Right mindfulness, Right concentration.

(၈) "ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သားရဟန်းတို့ "ဤတောဘုမ္မကဝင်္ဂတရားစုသည် ဆင်းရဲစင်စစ် အမှန်ဖြစ်သောအရိယာသစ္စာကြီးတပါးဟူ၍" ငါဘုရားသည် ရှေးဘုရားမဖြစ်မီ ကာလ၌ တရံတခါမျှမကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံ့ဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနုံအပြား မြင်အားသန်စွာဉာဏ် ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ပျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF SUFFERING"

(၉) "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သားရဟန်းတို့ "ဆင်းရဲစင်စစ်အမှန်ဖြစ်သော ဤအရိယသစ္စာတရား ကိုဝိုင်းဝိုင်းခြားခြား ဝိုင်ဝိုင်နိုင်နိုင်သိအပ်သိထိုက်၏"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှမကြားစဖူးကုန်သောတရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနဉ်အပြား မြင်အားသန်စွာဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT THE NOBLE TRUTH OF SUFFERING MUST BE COMPLETELY KNOWN "

(၁၀) "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သားရဟန်းတို့ "ဆင်းရဲစင်စစ်အမှန်ဖြစ်သော ဤအရိယသစ္စာတရား ကိုဝိုင်းဝိုင်းခြားခြား ဝိုင်ဝိုင်နိုင်နိုင်သိခြင်းကိစ္စပြီးစီးလေပြီ"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနဉ်အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, WHICH IS THE NOBLE TRUTH OF SUFFERING HAS BEEN COMPLETELY KNOWN"

(၁၁) "ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သားရဟန်းတို့ "ဤတပ်မက်သာယာသော တဏှာလောဘသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော အရိယာသစ္စာကြီးတပါး"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှမကြားစဖူးကုန်သောတရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနဉ်အပြားမြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard at before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF THE UPRISING OF SUFFERING"

(၁၂) "တं ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ချစ်သားရဟန်းတို့ "ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ဤအရိယသစ္စာတရားကို ကြွင်းမဲ့ညဿုံအလုံးစုံ ပယ်သင့်ပယ်ထိုက်၏"ဟူ၍

ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှမကြားစဘူးကုန်သောတရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနုံအပြားမြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်စိုးခါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီးမျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose. Knowledge arose, Wisdom arose, Special knowledge arose, Light arose. "THAT, WHICH IS THE NOBLE TRUTH OF THE UPRISING OF SUFFERING MUST BE GIVEN UP"

(၁၃) "တံ ခေါ ပနိဒံ ဒုက္ခသမုဒယ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုဉာဏံ၊ ဉာဏံ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောကောတိ။

ချစ်သားရဟန်းတို့ "ဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော ဤအရိယသစ္စာတရားကို ကြွင်းမဲ့ဩသုံ အလုံးစုံပယ်ခြင်းကိစ္စပြီး၏"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှမကြားစဘူးကုန်သောတရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနုံအပြား မြင်အားသန်စွာဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်စိုးခါတ်သည်ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီးမျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, WHICH IS THE NOBLE TRUTH OF THE UPRISING OF SUFFERING HAS BEEN GIVEN UP"

(၁၄) "ဥဒ ဒုက္ခနိရောဓ အရိယသစ္စံ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုဉာဏံ၊ ဉာဏံ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောကောတိ။

ချစ်သားရဟန်းတို့ "ဤနိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်ဖြစ်သော အရိယသစ္စာကြီးတပါး"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌တရံတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနုံအပြား မြင်အားသန်စွာဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်စိုးခါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီးမျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF THE CESSATION OF SUFFERING"

(၁၅) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုဉာဏံ၊ ဉာဏံ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောကောတိ။

ချစ်သားရဟန်းတို့ "ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက်မျက်မှောက်ပြု အစ်ပြုထိုက်၏"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌တရံတခါမျှမကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိုဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနုံအပြား မြင်အားသန်စွာဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိခါတ်စိုးခါတ်သည် ထင်ရှားဖြစ်

ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, WHICH IS THE NOBLE TRUTH OF THE CESSATION OF SUFFERING MUST BE REALISED."

(၁၆) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကောဉဒပါဒိ။

ချစ်သားရဟန်းတို့ "ဒုက္ခခင်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုခြင်းကိစ္စပြီးပြီ"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရဲတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိဉာဏ် မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိဓါတ် ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, WHICH IS THE NOBLE TRUTH OF THE CESSATION OF SUFFERING HAS BEEN REALISED."

(၁၇) "ဣဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခု ဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

ချစ်သားရဟန်းတို့ "ဤမဂ္ဂင်ရှစ်ပါးတရားအစုသည် ဒုက္ခခင်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော အရိယသစ္စာကြီးတပါး"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရဲတခါမျှမကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိဉာဏ် မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင်အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

Among things, Bhikkhus, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SIFFERIING"

(၁၈) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခု ဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

ချစ်သားရဟန်းတို့ "ဒုက္ခခင်သိမ်းချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာအမှန်နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ဘာဝနာအလုပ်ဖြင့် အားထုတ်ကြိုးစား ပွားများအပ် ပွားများထိုက်၏"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရဲတခါမျှ မကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိဉာဏ် မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနှံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်

ပေါ်ရှိလာ၏။ မောဟာမောင်ကြီးဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။

Among things, Bhikkhus, not heard of before by me Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose. "THAT, WHICH IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SUFFERING MUST BE DEVELOPED".

(၁၉) "တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒि ဉာဏံဥဒပါဒि ပညာဥဒပါဒि ဝိဇ္ဇာဥဒပါဒि အာလောကောဥဒပါဒိ

ချစ်သားရဟန်းတို့ "ဒုက္ခခပ်သိမ်းချုပ်ငြိမ်းပြီး၍ ဇာတ်သိမ်းရာအမှန်နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော ဤအရိယသစ္စာတရားကို မွားများခြင်းကိစ္စပြီးပြီ"ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တရံတခါမျှမကြားစဘူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘီ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။ ထိုးထွင်းဟုတ်မှန်အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။ အနုံအပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။ ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။ မောဟာမောင်ကြီးဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်ရှိလာ၏။

Among things, Bhikkhus, not heard of before by me. Vision arose. Knowledge arose, Wisdom arose, Special knowledge arose, Light arose. "THAT, WHICH IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SUFFERING HAS BEEN DEVELOPED"

(၂၀) ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတုသု အရိယသစ္စေသု ဧवံ တိ ပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နၽ သုဝိသုဒ္ဓံ အဟောသိ၊

ချစ်သားရဟန်းတို့ အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရားအားလေးပါးကုန်သော ဤမဖေါက်မပြန် မှန်ကန်တုံလတ် အရိယသစ္စာမြတ်တို့၌ ဤသို့ပြဆိုအပ်ပြီးသောအတိုင်း သစ္စာဏ် (သစ္စာလေးပါးတို့၏ သရုပ်သဘောသက်သက်ကို သိသောဉာဏ်) ကိစ္စာဏ် (သစ္စာလေးပါးတို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ်) ကတာဏ် (သစ္စာလေးပါးတို့၌ အလုပ်စခန်းပြီးမြောက်ပြီဟု သိသောဉာဏ်) အားဖြင့် စက်လည်ပုံသုံးပါးရှိသော သုံးပါးလေးလိုဖြင့် အခြင်းအရာ တဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သောအတိုင်း ဝိုင်းခြားထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ်မဖြစ်ပေါ်လာသေး။

And so long, Bhikkhus, the Vision of knowledge of these Four Noble Truths with the three sections and twelve modes as they really are, was not well purified by me.

နေဝတာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇါယ သဒေဝမနုဿယ "အနုတ္တရံ သမ္မာသမ္ဗောဓိ အဘိသမ္ဗုဇ္ဈါ"တိ ပစ္စညာသိ။

ချစ်သားရဟန်းတို့ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် နတ်ပြည်နှင့်တကွဖြစ်သော မာရ်နတ်လွှမ်းခြုံ ဝသဝတ္တီဘုံနှင့်တကွဖြစ်သော ဗြဟ္မာ့ဘုံနှင့်တကွဖြစ်သော အနန္တ စကြာဝဠာ ကမ္ဘာလောကဓါတ်တိုက်ဘောင်အတွင်း၌ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ "အတုမရှိသော ဘုရားဖြစ်ရန် သဗ္ဗညုတဉာဏ်ကို ဝိုင်ဝိုင်ရှိ ထိုးထွင်း၍ သိတော်မူပြီ"ဟူ၍ ဝန်ခံတော်မမူသေး။

So long was I, Bhikkhus, could not admit that "I was a prefect Buddha who had attained the full supreme ENLIGHTENMENT, in the midst of the world with its Devas, with its Maras, with its Brahmas, with its Recluses and Brahmans, its creatures with Devas and Men"

(၂၁) ယခေတ ဘိက္ခဝေ ဣမေသု စတုသု အရိယသစ္စေသု ဒွေ တိပရိဝဋ္ဋေ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊
ချစ်သားရဟန်းတို့ အကြင်အခါ၌သာလျှင် ငါဘုရားအား လေးပါးကုန်သော ဤမကောက်မပြန် မှန်ကန်တုံလတ် အရိယသစ္စာမြတ်တို့၌ ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း သစ္စာဏ် ကိစ္စာဏ် ကတာဏ် အားဖြင့် စက်လည်ပုံသုံးပါးရှိသော သုံးပါးလေးလီအားဖြင့် အခြင်းအရာ တဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သောအတိုင်း ဝိုင်းခြားထင်ထင် ဉာဏ် အမြင်သည် စင်စင်ကြယ်ကြယ် ဖြစ်ပေါ်၍လာ၏။
But when, Bhikkhus, the Vision of knowledge of these Four Noble Truths, with the three sections and twelve modes, as they really are, was well purified by me.

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ၊ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိ။
ချစ်သားရဟန်းတို့ ထိုအခါ၌သာလျှင် ငါဘုရားသည် နတ်ပြည်နှင့်တကွ ဖြစ်သော မာရ်နတ်လွှမ်းခြုံ၊ ဝသဝတ္တီဘုံနှင့်တကွဖြစ်သော ဗြဟ္မာ့ဘုံနှင့်တကွဖြစ်သော အနန္တစကြာဝဠာ ကမ္ဘာလောကဓါတ်တိုက်ဘောင်အတွင်း၌ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ "အတုမရှိသောဘုရားဖြစ်ရန် သဗ္ဗညုတဉာဏ်ကို ဝိုင်ဝိုင်ရရှိ ထိုးထွင်း၍သိတော်မူပြီ"ဟူ၍ ဝန်ခံတော်မူပြီ။

Then, Bhikkhus, I could admit that I was a perfect Buddha, who had attained the full supreme ENLIGHTENMENT, in the midst of the world with its Devas, with its Maras, with its Brahmas, with its Recluses and Brahmans, its creatures with Devas and Men".

(၂၂) ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒि "အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ။
ချစ်သားရဟန်းတို့ ငါဘုရား၏ ဟုတ်တိုင်းမှန်စွာ အမြင်သန်သော ပစ္စဝေက္ခဏာဉာဏ်တော်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ။ ငါဘုရား၏ အရဟတ္တဖိုလ်ဉာဏ်တော်သည် မယျက်မစီးနိုင် ခဲ့ခိုင်တည်တံ့လေပြီ။ ငါဘုရား၏ ဤဘဝအဖြစ်သည် အဆုံးစွန်သော အဖြစ်ပေတည်း။ ယခုအခါ၌ ဘဝအသစ် တဖန်ဖြစ်ဘို့အရေးသည် မရှိတော့ချေ။ ဤသို့ ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ။
Moreover, the Vision of knowledge arose to me. "Unshakable is freedom for me, this is the last birth, now there is no rebirth".

(၂၃) ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။
ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤဓမ္မစက္ကပဝတ္တနသုတ္တန်ကို ပဌမဦးစွာ မြွက်ကြားဟောကြားတော်မူလေ၏။ ကောဏ္ဍညအမှူး ငါးဦး အစုအဝေးရှိကုန်သော ရဟန်းတို့သည် ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ ဟောတော်မူအပ်သောတရားတော်ကို အရိယသစ္စာဏ် ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်းရှိကြကုန်သည်ဖြစ်၍ ရွှင်လန်းအားရနှစ်သက်ကြလေကုန်သတည်း။
This is what the Bhagava had said, and the group of five Bhikkhus were delighted and rejoiced at what the Bhagava had said.

(၂၄) ဤပရိယာယ် စ ပန ဗေယျာကရဏသို့ အညတ်ကော် အာယသုတော ကောဏ္ဍညသ ဓိရဇ် ဓိတာဟလ် ပမုစကျွဲ ဥားပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။

ဂါထာမဖက်စုကျိယသက်သက်ဖြစ်သော ဤဝိမုစကျပဝတ္တနသုတ်တော်ကြီး ကိုဟောတော်မူအပ်သည်ရှိသော် .....

ရှည်သောသက်တော်ရှိသော အရှင်ကောဏ္ဍညမထေရ်အား ကိလေသာမြေ့ တို့မှ စင်ဖြူကင်းဝေးသော မှောက်မှားဒိဋ္ဌိ အညစ်အကြေးမရှိသော သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်လုံးသည် ထင်ရှားစွာ ပေါ်ပေါက်လေ၏။

"အလုံးစုံသော တေဘုမ္မက ဝဋ္ဋဒုက္ခတရားစုသည် ဖြစ်ပေါ်ခြင်းလျှင် အကြောင်းရင်းရှိ၏။ ထိုအလုံးစုံသော တေဘုမ္မက ဝဋ္ဋဒုက္ခတရားစုသည် မကြွင်းမကျန် အမှန်ချုပ်ဆုံးခြင်းသဘောရှိ၏။ (ဤသို့ ဟုတ်တိုင်းမှန်သိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏)

Further-more. while this explanation was being uttered Vision of the Dhamma, dust-less, stainless arose to the Venerable Kondanna.

That. "Whatever has the nature of uprising all that has the nature of cessation."

(၂၅) ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာဒေဝါ သဒ္ဒ မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ " တိ

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဓမ္မစက္ကြာသုတ်တော်ကြီးကို ဟောတော်မူအပ်ပြီးသည်ရှိသော် ဘုမ္မစိုးနတ်တို့သည် ကောင်းရီးဆူညံ ဟစ်ကြွေးသံကို တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

"ဘိုး-နတ်များအပေါင်းတို့ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီနေပြည်တော်ကြီး၏အနီး၌ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေးရှိ မွေးရာဖြစ်သော ရသေ့သူမြတ်အပေါင်းတို့၏ဆင်းသက်ကျရောက်ရာဖြစ်သော ဗိဂဒါဝုန်တောကြီးအတွင်း၌ အဝတ္တမရှိသော ဤဓမ္မစက္ကြာ ဂရားတော်မြတ်ကို ဟောတော်မူအပ်ပေပြီ။

ဤဓမ္မစက္ကြာတရားတော်မြတ်ကို ရဟန်းသည်လည်း၊ ပုဏ္ဏားသည်လည်း၊ နတ်သည်လည်း၊ မာရ်နတ်သည်လည်း၊ ဗြဟ္မာသည်လည်း၊ အနုနှစ်ကြာဝဋ္ဋာ ဤကမ္ဘာ လောကဝါတ်တို့ကဘောင်အတွင်း၌ တစုံတယောက်သော ပုဂ္ဂိုလ်သည်လည်း၊ မဆီးတား၊ မကန့်ကွက်နိုင်ချေ"။

(ဤသို့ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။)

And when the Bhagava had proclaimed the discourse on the turning of the Wheel of Dhamma. The Earth Devas raised the shout.

"The supreme Dhamma Wheel proclaimed by the Bhagava in Benares at the deer park. Isipatana cannot be contradicted by a recluse. or Brahman or Deva or by Mara or by Brahma or by anyone in the world."

Literally – And when the Bhagava had rolled the Wheel of Dhamma, The Earth Devas raised the shout.

"The supreme Dhamma Wheel rolled by the Bhagava in Benares at the deer park. Isipatana, cannot be rolled back by a recluse, or Brahman or Deva or by Mara or by Brahma or by anyone in the world."

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတ္တာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

စာတုမဟာရာဇိကာနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ တာဝတိသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

တာဝတိသာနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ယာမာနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

တုသိတာနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

နိမ္မာနရတီနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ပရနိမ္မိတဝသဝတ္တီနဲ့ ဒေဝါနဲ့ သဒ္ဓံ သုတ္တာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "စတေ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ဘုမ္မဋိုးနတ်တို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် စါတုမဟာရာဇိနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကိုတပြိုင်နက် ကြွေးကြော်ကြလေကုန်၏။ စါတုမဟာရာဇိနတ်အများတို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် တာဝတိသာနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။ တာဝတိသာနတ်အများတို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် ယာမာနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။ ယာမာနတ်အများတို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် တုသိတာနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက်ကြွေးကြော်ကြလေကုန်၏။ တုသိတာနတ်အများတို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် နိမ္မာနရတီနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက်ကြွေးကြော်ကြလေကုန်၏။ နိမ္မာနရတီနတ်အများတို့၏ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် ပရနိမ္မိတဝသဝတ္တီနတ်အများတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။ ပရနိမ္မိတဝသဝတ္တီနတ်အများတို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးဆူညံဟစ်ကြွေးသံကို တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

"အို-နတ်ဗြဟ္မာများအပေါင်းတို့ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဗာရာဏသီနေပြည်တော်ကြီး၏အနီးခဏ် သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေးရှိမွေးရာဖြစ်သော ရသေ့သူမြတ်အပေါင်းတို့၏ ဆင်းသက်ကျရောက်ရာဖြစ်သော မိဂဒါဝုန်တောကြီးအတွင်းခဏ် အတုမရှိသော ဤဓမ္မစက္ကြာတရားတော်မြတ်ကို ဟောတော်မူအပ်ပေပြီ။ ဤဓမ္မစက္ကြာတရားတော်မြတ်ကို ရဟန်းတို့သည်၎င်း ပုဏ္ဏားသည်၎င်း နတ်သည်၎င်း မာရ်နတ်သည်၎င်း ဗြဟ္မာသည်၎င်း အနန္တစက္ကြာဝဠာ ဤကမ္ဘာမြေ လောကဝါတ်

တိုက်ဘောင်အတွင်း၌ တစုံတယောက်သော ပုဂ္ဂိုလ်သည်၄င်း မဆီးတား မကန့်ကွက်နိုင်ချေ။

(ဤသို့ တပြိုင်နက် ကြွေးကြော်ကြလေကုန်၏။)

Heaving heard the cheering applause voice of the Earth Devas, The Devas of the Four Great Kings cheered together,
Heaving heard the cheering applause voice of the The Devas of the Four Great Kings, Tavatimsa Devas cheered together,
Heaving heard the cheering applause voice of the Tavatimsa Devas, Yama Devas cheered together.
Heaving heard the cheering applause voice of the Yama Devas, Tusita Devas cheered together,
Heaving heard the cheering applause voice of the Tusita Devas, Nimanarati Devas cheered together.
Heaving heard the cheering applause voice of the Nimanarati Devas. Paranimitavassavati Devas cheered together,
Heaving heard the cheering applause voice of the Paranimitavassavati Devas. Baramakarika Devas cheered together, cheered together
"The supreme Dhamma wheel proclaimed by the Bhagava in Benares at the deer park. Isipatana. cannot be contradicted by a recluse, or Brahman or Deva or by Mara or by Brahma or by anyone in the world."

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

ဤသို့လျှင် ထိုခဏအတွင်း၌ ထိုလယအတွင်း၌ ထိုမုဟုတ်အတွင်း၌ အာကာသဗြဟ္မာဘုံ တိုင်အောင် ကျော်တေသောအသံသည် အဆင့်ဆင့် ပျံ့နှံ့၍တက်လေ၏။

Thus, in that moment, in that second. in that instant the shout reached as far as the Brahma World

:ဆယ္ဆ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

ဤစကြာဝဠာအပေါင်း လောကဓါတ်တို့က တသောင်းသည်လည်း အောက်သို့နိမ့်လျက် တသိမ့်သိမ့်တုန်လှုပ်လေ၏။ အထက်သို့ခုန်တက်၍ တသွက်သွက်တုန်လှုပ်လေ၏။ အေးယဉ်လွှဲသကဲ့သို့ ဆွဲကာဆွဲကာတုန်လှုပ်လေ၏။

And the Ten Thousand-Fold World-system trembled. quaked and quaked again. shook violently to and fro.

အပ္ပမာဏော စ ဥဠာရော သြဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

နတ်အပေါင်း ဗြဟ္မာအပေါင်းတို့၏ တန်ခိုးအလုံးစုံကို သိမ်းခြုံလွှမ်းမိုး၍ စကြာဝဠာအပေါင်း လောကဓါတ်တို့ကိုတသောင်း၌ အတိုင်းမသိနိုင်းယှဉ် ဘွယ်မရှိသော ကြီးကျယ်မွန်မြတ်သော ရောင်လှုံထိန်ညီးအလင်းဝါတ်ကြီး သည် အဆန်းတကြယ် အံ့သြဘွယ်ဖြစ်ပေါ်လာ၏။

And an immeasurable and might radiance appeared in the world. surpassing the Devas own glory.

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိကောဏ္ဍညော" တ္တေ ဝ နာမံ အဟောသိ။

ထိုအခါ၌ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဝမ်းမြောက်မြွက်ကြား၍ ဥဒါန်းတော်အမိန့်စကားကို ကျူးရင့်တော်မူလေ၏။

(အို...လူ နတ် ဗြဟ္မာ သင်္ဃာဝါအပေါင်းတို့ ငါ့သားတော်ကြီးဖြစ်သော ကောဏ္ဍညသည် အသိဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေပြီတကား) (ဤသို့ ဥဒါန်းကျူးရင့်တော်မူလေ၏)

ဤဥဒါန်းစကားတော်အားဖြင့် ရှည်သောအသက်တော်ရှိသော အရှင်ကောဏ္ဍညမထေရ်မြတ်တော်ကြီးအား အညာသိကောဏ္ဍည ဟူ၍သာလျှင် ဤအမည်ထူးသည် ဖြစ်လေသတည်း။

Then the Bhagava uttered this solemn, utterance "Indeed, Kondanna has understood, Indeed, Kondanna has understood "
Thus, it was that Annasi Kondanna became the name of venerable Annasi Kondanna.

အထ ခေါ် အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒန္တိ။

ထိုသောတာပန်ဖြစ်ပြီးသောအခါ၌ ရှည်သောအသက်တော်ရှိသော အရှင်အညာသိကောဏ္ဍညသည် ကိုယ်တိုင်မြင်အစ်ပြီးသော တရားရှိသည်ဖြစ်၍ ကိုယ်တိုင်သိအစ်ပြီးသော တရားရှိသည်ဖြစ်၍ ကိုယ်ဝိုင်ဉာဏ်ဖြင့် သက်ဝင်အစ်ပြီးသော တရားရှိသည်ဖြစ်၍ ယုံမှားခြင်း၏ တဖက်ကမ်းသို့ ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော တွေးတော ယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍ ကြောက်ရွံ့.မှုကင်းလျက် ရဲရင့်ခြင်း သို့ရောက်သည်ဖြစ်၍ မြတ်စွာဘုရား၏သာသနာတော်အတွင်း၌ သိမြင်ပြီးသော ဉာဏ်အစွမ်းအားဖြင့် သူတပါးတို့အား ယုံကြည်အားထားခြင်း မရှိလေသောကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဤသို့သော စကားကို လျှောက်ထားတောင်းပန်လေ၏။

"အရှင်ဘုရား-တပည့်တော်သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ အလယ်တော်၌ ရဟန်းအဖြစ်ကို ရလိုပါသည်ဘုရား။ ပဋိဉာဏ်အဖြစ်ကိုရလိုပါသည်ဘုရား။ ဤသို့ လျှောက်ထားတောင်းပန်လေ၏။

Without depending on others in the Teacher's religion, spoke to the Bhagava, "May I, Bhante, get to leave the world in the presence of the Bhagava, May I get the ordination?"

"ဧဟိ ဘိက္ခု"တိ ဘဂဝါ အဝေါစ "သွာက္ခာတော ဓမ္မော စရဗြဟ္မစရိယံ သမ္မာ ဒုက္ခသ ဃ္ဗကိရိယာယာ"တိ။ သာဝ တသ အာယသ္မတော ဥပသမ္ပဒါ အဟောသိတိ။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ ဘိုး... ရဟန်း လာလော့။ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သံသရာဝဋ်ဆင်းရဲ၏ ကိစ္စတုံးမျိုး အဆုံးတိုင်အောင်ပြုခြင်းငှာ ကောင်းစွာ မြတ်သောမဂ်အကျင့်ကို ကျင့်လေလော့" ဤသို့မိန့်တော်မူ၏။ ရှည်သော အသက်တော်ရှိသော ထိုအရှင်ကောဏ္ဍညအား ထိုဟိဘိက္ခု ပဋိဉာဏ်အဖြစ် သည်သာလျှင် ဖြစ်လာသတည်း။

And the Bhagave said, "Come, Bhikkhu, The Dhamma has been well expounded, practice the holy life rightly, for making an end of suffering." So this came to be the ordination of the long lived Venerable Kondanna.

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

အနတ္တလက္ခဏသုတ် တရားတော်ကြီး

(၁၃၁၉ ခုနှစ် ဝါတွင်း၌ ဟောတော်မူသည်)

အနုနှဝုထ်တော်အယေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ရှိခိုးပါ၏။

နိဒါန်း

အနတ္တလက္ခဏသုတ် တရားတော်ကြီးကို ဟောမယ်ဆိုလျှင် အဲဒီသုတ်ကို ဟောတော်မူခြင်း၏ အကြောင်းနိဒါန်းကို ရှေးဦးစွာ ဖော်ပြဖို့လိုပါတယ်။ ဒါကြောင့် ယခု အဲဒီနိဒါန်းကို ဖော်ပြပါမည်။

ပထမသံဂါယနာတင်စဉ်တုန်းက အရှင်မဟာကဿပ မထေရ်ကြီးက အနတ္တလက္ခဏသုတ် တရားတော်ကို မြတ်စွာဘုရားသည် (၁) အဘယ်အရပ်၌ သီတင်းသုံးစဉ်မှာဟောတော်မူပါသလဲ၊ (၂) အဘယ်အခါမှာ ဟောတော်မူပါသလဲ၊ (၃) အဘယ်ပုဂ္ဂိုလ်က ဟောတော်မူပါသလဲ၊ (၄) အဘယ်ပုဂ္ဂိုလ်အား ဟောတော်မူပါသလဲလို့ အကြောင်းနိဒါန်းလေးချက် မေးမြန်းတဲ့အတွက် အရှင်အာနန္ဒာ မထေရ်က "ဧဝံ မေ သုတံ" စသည်ဖြင့် ဖြေကြားတော်မူပါတယ်။ အဲဒီလိုဖြေပုံကို သံဂါယနာတင် မထေရ်မြတ်တို့က-

"ဧဝံ မေ သုတံ— ဧကံ သမယံ ဘဂဝါ တရာဏသီယံ ဝိဟရတိ ကုသိယတနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ"လို့—

ဒီလို သံဂါယနာတင်ထားတော်မူခဲ့ကြပါတယ်။ အဲဒီပါဠိကို မြန်မာလိုဆိုလျှင်တော့— ကျွန်ုပ် ဒီလိုကြားမှူးပါသည်။ အခါတစ်ပါးမှာ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် တရာဏသီမြို့. ဗာသီယတနမည်သော မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူပါသည်။ ထိုစဉ်အခါမှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားက ငါးပါးအစုရှိတဲ့ ပဉ္စဝဂ္ဂိရဟန်းတို့ကို "ရဟန်းတို့"ဟု၍ ခေါ်တော်မူလိုက်ပါသည်။ ပဉ္စဝဂ္ဂိရဟန်းတို့က "အရှင်ဘုရား"ဟု ခွန်းတုံ့ပြန်ကြားကြပါသည်။ ထိုအခါမှာ ဘုန်းတော်ကြီးသောမြတ်စွာဘုရားက ဒီ "အနတ္တလက္ခဏသုတ်"ကို ဟောကြားတော်မူပါသည်လို့ ဆိုလိုပါတယ်။

ဒီသံဂါယနာ နိဒါန်းထဲမှာ "အခါတစ်ပါး"လို့ သာမည်ဆိုထားတဲ့အတွက် ဘယ်ခုနှစ်, ဘယ်လ, ဘယ်ရက်ရယ်လို့ မထင်ရှားဘဲ ဖြစ်နေပါတယ်။ ဒီလို သာမည်ဆိုထားရတာကလည်း နှုတ်တက်ဆောင်မှတ်ထားရန် လွယ်ကူအောင်လို့ပဲဖြစ်ပါတယ်။ ဒီလိုမဟုတ်ပါဘဲနဲ့ သုတ်တိုင်းသုတ်တိုင်းမှာ မည်သည့်ခုနှစ်, မည်သည့်ရက်, မည်သည့်နာရီအချိန်မှာလို့ ဒီလို တိတိကျကျ သံဂါယနာတင်ထားပည်ဆိုလျှင် နှုတ်တက်ဆောင်ဖို့, မှတ်ထားဖို့ အများကြီးခက်ပါလိမ့်မယ်။ ယခုခေတ်လို စာအုပ်ခေတ်ဆိုလျှင်တော့လည်းမခက်ပါဘူး။ အဲဒီလိုအပြည့်အစုံ တိတိကျကျ မှတ်ထားရလျှင် သိပ်ကောင်းမှာပါပဲ။ ဒါပေမဲ့ ဟိုတုန်းက နှုတ်တက်ဆောင်ခေတ်အနေမှာတော့ အများကြီးခက်ပါတယ်။ ဒါကြောင့် အခြားသုတ်များမှာလိုပဲ ဒီသုတ်မှာလည်း "ဧကံ သမယံ-အခါတစ်ပါးမှာ"လို့ ဒီလို သာမည၀ဲ သံဂါယနာတင်ထားပါတယ်။ ဒါပေမယ်လို့ဒီသုတ်မှာတော့ အဌကထာက သေသေချာချာ ဖွင့်ပြထားပါတယ်။

ဒါပေမဲ့ ပဉ္စဝဂ္ဂိရဟန်းငါးပါးလုံး သောတာပန်ဖြစ်ပြီးတဲ့အခါလို့ ဆိုရာမှာ အဲဒီငါးပါးထဲမှာက အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်ဖြစ်ပုံ ထင်ရှားသေးတယ်၊ အခြားလေးပါးမှာ ဘယ်ပုံဘယ်နည်းနဲ့ သောတာပန်ဖြစ်ကြပါသလဲ၊ သောတာပန်ပုဂ္ဂိုလ်တို့အား အနတ္တလက္ခဏတရားကို ဘာကြောင့်ဟောရပါသလဲဆိုတာကတော့ မထင်ရှားသေးဘဲ ရှိနေပါတယ်။ အဲဒါကို ထင်ရှားအောင် ယခုထုတ်ဖော်ပြီးပြရဦးမည်။

ဓမ္မစက္ကပဝတ္တနသုတ် တရားတော်ကြီးကို နာကြားစဉ်မှာ ပဉ္စဝဂ္ဂိငါးဦးထဲက အရှင်ကောဏ္ဍညတစ်ပါးသာလျှင် သစ္စာလေးပါးကို သိမြင်ပြီး သောတာပန်ဖြစ်ခဲ့ပါတယ်။ အရှင်ကောဏ္ဍညတစ်ပါးသာလျှင် "တိဏ္ဏံ ဝိဒိတံ ဣဒေါ၊ လွန်မြောက်ပြီးသော ယုံမှားမှုရှိတယ်၊ ယုံမှားကင်းသွားတယ်"လို့ဆိုတဲ့အတိုင်း ဘုရား, တရား, သံဃာ,

အကျင့်သိက္ခာနှင့်စပ်ပြီး တစ်ထစ်ချယုံကြည်ချက်ကျသွားပါတယ်။ ဘယ်လိုလဲဆိုတော့ကော "ဝမ္မစက္ကပဝတ္တနသုတ် တရားတော်ကြီးကို ဟောတဲ့ ငါတို့ဆရာဘုရားဟာ သစ္စာလေးပါး တရားဆလုံးစုံကိုသိဟဲ့ ဘုရားစစ်, ဘုရားမှန်ပဲ၊ ဟောတော်မူတဲ့တရားဟာလည်း တရားစစ်, တရားမှန်ပဲ၊ ဒီတရားအတိုင်းကျင့်ပြီး ဒီဟရုဒေါကို ငါလိုသိတဲ့ပုဂ္ဂိုလ် အပေါင်းဟာလည်း သံဃာစစ်, သံဃာမှန်ပဲ၊ ဒီတရားအတိုင်းကျင့်ရတဲ့ မဂ္ဂင်ရှစ်ပါး သီလ, သမာဓိ, ပညာဆိုတဲ့ အကျင့်သိက္ခာတွေဟာလည်း အကျင့်လမ်းမှန်ပဲ" လို့ တစ်ထစ်ချ ယုံကြည်ပြီး အဝေဓပသာဒလို့ခေါ်တဲ့ ပရမ်ပရားမဖျက်ပြားနိုင်တဲ့ သဒ္ဓါတရားနဲ့ ပြည့်ဖွံ့သွားပါတယ်။ ဒါကြောင့် အရှင်ကောဏ္ဍညက တရားပွဲပြီးတဲ့နောက် မကြာခင်ဘဲ မြတ်စွာဘုရားထံမှာ ဥပသမ္ပဒါခေါ်တဲ့ သီလသိက္ခာနဲ့ ပြည့်စုံတဲ့ သာသနာတွင်း ရဟန်းအပြစ်ကို လျှောက်တောင်းပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ဟေ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယ သမ္မာ ဒုက္ခဿ အန္တကိရိယာယ၊ လာလေဟိရဟန်။ တရားတော်မှာ ကောင်းမွန်မှန်ကန်စွာ ဟောထားတဲ့ သွာက္ခာတတရားတော်ဖြစ်သည်၊ အမှန်စင်စစ် ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်အောင် မြတ်သောအကျင့်ကို ကျင့်လှည့်ပါလော့" လို့ ခေါ်တော်မူပြီးတော့ ရဟန်းအပြစ်ကို ဖွင့်ပြပေးတော်မူလိုက်ပါတယ်။ ဒီလိုရဟန်းပြုပေးတဲ့ စကားထံမှာ "ဟေ ဘိက္ခု" လို့ ပါတဲ့အတွက် ဒီလိုရဟန်းမျိုးကို "ဟေ ဘိက္ခု" ရဟန်းလို့ ခေါ်ပါတယ်။

နာရုံပြင့်မပြီး၍ အားထုတ်ကြရသည်

ကျန်တဲ့ ဝမ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ လေးဦးကလော့ အဲဒီတုန်းက သဒ္ဓါသေလေးပါးကို ကိုယ်တိုင်ဉာဏ်နဲ့ထိုးထွင်းပြီး မသိမပြင်ကြသေးဘူး။ ဝမ္ပဝက္ကပဝတ္တနသုတ်တရားကို နာရလို့ အဲဒီထဲမှာပါတဲ့အတိုင်း သုတမယဉာဏ်လေးက်နဲ့သာ သိပြီးတော့ သက်ဝင်ယုံကြည်တဲ့ဩကပ္ပနသဒ္ဓါလောက်ကိုသာ ရကြသေးတယ်၊ မဖျက်ပြယ်မလွှဲပ်ရှားနိုင်တဲ့ အဝေဓပသာဒ သဒ္ဓါတရားကိုတော့ မရကြသေးဘူး။ ဒါကြောင့် သူတို့ကတော့ အဲဒီတုန်းက မြတ်စွာဘုရားထံမှာ ချက်ချင်းဝင်ရောက်ပြီး ရဟန်းမပြုကြသေးဘူး။ မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့အတိုင်း ကမ္မဋ္ဌာန်းတရားကို မူလက ရသေ့ရဟန်းအပြစ်နဲ့ပဲ အားထုတ်နေကြတယ်။ ဒီလိုအားထုတ်လို့ အရှင်ဝပ္ပက ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှာ သောတာပန်ဖြစ်ပါတယ်။ အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ်, အရှင်အဿဇိတို့ကတော့ နှစ်ရက်နေ့, သုံးရက်နေ့, လေးရက်နေ့ကျော်မှာ အစဉ်အတိုင်း သောတာပန်ဖြစ်ကြပါတယ်။ ဒီလိုသောတာပန်မြစ်ပြီးတဲ့အခါကျမှ မြတ်စွာဘုရားထံမှာ ရဟန်းအပြစ်ကို အသီးသီး လျှောက်တောင်းကြပါဟယ်။ မြတ်စွာဘုရားကလည်း သူတို့ကို အသီးအသီး "ဟေ ဘိက္ခု" ခေါ်ပြီး ရဟန်းပြုပေးတော်မူပါတယ်။

နေယျပုဂ္ဂိုလ်တွေ

ဒါကြောင့် ဥဏ္ဍိတညာ, ဝိပဿီတညာ, နေယျ, ပဒပရမဆိုတဲ့ ပုဂ္ဂိုလ်လေးမျိုးနဲ့ ခွဲကြည့်မယ်ဆိုလျှင် အရှင်ကောဏ္ဍညတစ်ပါးသာ ဓမ္မစက္ကာသုတ်တရားကို အကျယ်ဟောနေတုန်း နာကြားနေရင်း တရားရသွားတဲ့အတွက် ဝိပဿီတညာမည်ပါတယ်။ တခြားပုဂ္ဂိုလ်လေးပါးကတော့ တရားနာရုံနဲ့ တရားထူးကို မသိမမြင်သေးဘဲ ဘာဝနာအလုပ်ကို တစ်ရက်, နှစ်ရက် စသည်အားထုတ်ပြီးမှ သိမြင်ကြတာဖြစ်တဲ့အတွက် နေယျပုဂ္ဂိုလ်များလို့သာ ယူရပါတယ်။ ယခုကာလမှာ တချို့က "သောတာပန်ဖြစ်ဖို့ဆိုတာ ကျင့်ကြံအားထုတ်ဖို့မလိုဘူး၊ တရားနာပြီး တရားသဘောကို သိနားလည်ရုံနဲ့ သောတာပန်ဖြစ်တယ်" လို့ ဒီလိုယူဆပြောဆိုနေကြတာလည်း ရှိနေကြတယ်။ အဲဒီလိုပြောဆိုနေကြတဲ့ အချောင်သောတာပန်လမ်းဟာ ဟာဒီ အရှင်ဝပ္ပ စသော ပထေရ်လေးပါးရဲ့ အားထုတ်မှု၊ သောတာပန်ဖြစ်ပုံနဲ့ နီးနေကြည့်လျှင် ဘာမှ အခြေအမြစ်မရှိတဲ့ မဟုတ်တမ်းတရားဖြစ်ကြောင်း အလွန်ထင်ရှားပါတယ်။ စဉ်းစားကြည့်ပါ။ ယခုကာလမှာ လွယ်လွယ်နဲ့နားလည်အောင် ဟောတတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားထက်ပိုပြီး ဟောတတ်ပါမည်လား။ နာကြားရုံနဲ့ နားလည်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကကော ဒီပဋိပဒါမဟာပဏ္ဍိတပုဂ္ဂိုလ်ထက် ပိုပြီး နားလည်လွယ်ပါမည်လား။ ပြီးတော့ နားလည်အောင် ဟောလိုက်ရုံနဲ့ ဒီကိန္နပြီးပယ်ဆိုလျှင် ပထေရ်လေးပါးကို သက်သက်ပင်ပန်းအောင် မြတ်စွာဘုရားက အားထုတ်ခိုင်းနေပါဦးမည်လား။ အဲဒီအချက်တွေကို

အပြေပျန်ရပ်ကြောင့် စဉ်းစားလိုက်ရင် အချောင် သောတာပန်လမ်းဟာ ဖူးပေါ်သလို အလိုလို ပေါ်လာပါတယ်။

အချိုးကျကျ အားထုတ်ပုံ

ပြီးတော့ အဲဒီတုန်းက ပဋ္ဌဝဂ္ဂီမထေရ်လေးပါးရဲ့ အားထုတ်ပုံဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်။ ပဋ္ဌဝဂ္ဂီငါးပါးထဲမှ နှစ်ပါးက ဆွမ်းခံတောင်းပသွား တော့တဲ့ မပြတ်အားထုတ်နေကြတယ်၊ သုံးပါးက ဆွမ်းခံသွားကြတယ်၊ ဒီလိုအားထုတ် နေကြရတဲ့ရက်လည်း ရှိတယ်။ ဆိုလိုရင်းကတော့ သောတာပန်မပြစ်သေးတဲ့ ပုဂ္ဂိုလ် လေးပါးထဲက နှစ်ပါးပြစ်စေ, သုံးပါးပြစ်စေ တစ်ပြိုင်နက် မပြတ်မစဲအားထုတ်နေ ကြတယ်၊ ကျန်တဲ့ တစ်ပါးနှစ်ပါးနဲ့ အရှင်ကောဏ္ဍညက ဆွမ်းခံသွားတယ်၊ ရလာတဲ့ ဆွမ်းကို ပြတ်စွာဘုရားနှင့်တကွ ခြောက်ပါးဝေငှပြီး ဘုဉ်းပေးတော်မူကြတယ်တဲ့။ ဒီနေရာမှာ နှစ်ပါးအားထုတ်တဲ့အခါ သုံးပါးအားထုတ်တဲ့အခါ ဘယ်ပုဂ္ဂိုလ်များက အားထုတ်နေကြတယ်၊ ဘယ်ပုဂ္ဂိုလ်များက ဆွမ်းခံသွားကြတယ်လို့ ဒီလို တိတိကျကျ ဖော်ပြထားတာတော့ မရှိဘူး။ သို့ပေမဲ့ သောတာပန်အပြစ် ရောက်ကျတဲ့ပုဂ္ဂိုလ်တွေဟာ စောစောပိုင်းက ဆွမ်းခံမှု ပလီဟောဝရှိခဲ့တယ်လို့ ယူဆလျှင် သင့်တော်လောက်စရာ ရှိပါတယ်။

အဲဒီတုန်းက ပြတ်စွာဘုရားလည်း ဆွမ်းခံမကြွဘူး၊ တရားအားထုတ်နေတဲ့ ပဋ္ဌဝဂ္ဂီတို့မှာ ကမ္မဋ္ဌာန်းအညစ်အကြေးပြစ်ပေါ်လာလျှင် သုတ်သင်ဖြေရှင်းပေးနိုင်ဖို့ မိဂဒါဝုန်ကျောင်းတိုက် ဌာနမှာပဲ အသင့်ရှိနေတော်မူတယ်။ ပဋ္ဌဝဂ္ဂီတို့က ကမ္မဋ္ဌာန်း အညစ်အကြေး အရှုပ်အထွေးပြစ်ပေါ်လာတဲ့အခါမှာ ပြတ်စွာဘုရားထံသွားပြီး မေးမြန်း လျှောက်ထားကြတယ်။ တစ်ရံတစ်ခါမှာ ပြတ်စွာဘုရားက သူတို့ထံ ကြွသွားပြီး ဖြေရှင်းပေးတော်မူတယ်။ ဒါဟာ ဗုဒ္ဓသာသနာတော်တည်ထောင်ခါစက အချိုးအကျ ဆုံး အားထုတ်ပုံနဲ့ စောင့်ရှောက်ပုံပါပဲ။ ယခုကာလမှာလည်း အချိုးကျကျ အားထုတ် ချင်လျှင် ဒီနည်းအတိုင်းပဲ နေ့ရောညဉ့်ပါ မပြတ်မစဲ အားထုတ်ရတယ်။ ဆရာကလည်း သူတစ်ပါးစိတ် မသိနိုင်တောင် မေးမြန်းပြီး ကမ္မဋ္ဌာန်းအညစ်အကြေးကို သုတ်သင် ဖြေရှင်းပေးရတယ်။ ဒါမှ အကျိုးရှိသင့်သလောက် အပြည့်အစုံ ဖြစ်သွားနိုင်တယ်။

အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ, အရှင်အဿဇိဆိုတဲ့ ပဋ္ဌဝဂ္ဂီလေးဦး တို့မှာ ယခုပြောခဲ့တဲ့အတိုင်း ပြတ်စွာဘုရားကိုယ်တော်တိုင်က ဓေါနံဒေသက်လို့ အချိုး တကျ မပြတ်မစဲ အားထုတ်ကြတဲ့အတွက် ပါဆိုလယုတ်ပန်းရက်, နှစ်ရက်, သုံးရက်, လေးရက်နေ့များမှာ အစဉ်အတိုင်း သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခုရဟန်းဖြစ်ကြပါ တယ်။ ဒီလို ပဋ္ဌဝဂ္ဂီငါးဦးစလုံး သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခုရဟန်းအဖြစ်ကိုရကြ ပြီးတဲ့နောက် ဝါဆိုလဆုတ် ငါးရက်နေ့မှာ အရဟတ္တမဂ်ဉာဏ်ကို ရမေးချန် အလွန်က် ဒီအနတ္တလက္ခဏသုတ် တရားတော်ကြီးကို ပြတ်စွာဘုရားက ဟောကြားတော်မူပါ တယ်။

ဒီနေရာမှာလည်း စဉ်းစားစရာကတော့ ရှိပါသေးတယ်။ ဘယ်လိုလဲဆိုယခုလို သောတာပန်ဆိုတာ အနတ္တလက္ခဏာကို သိပြီးမှဖြစ်တာမဟုတ်ပါလား။ သက္ကာယဒိट्ठि ခေါ်တဲ့ အတ္တအစွဲဟာ လုံးဝကင်းနေပြီမဟုတ်ပါလား။ ဒီလို အနတ္တလက္ခဏာကိုသိပြီး တော့ အတ္တစွဲကင်းနေတဲ့ သောတာပန်ပုဂ္ဂိုလ်တွေကို ဘာကြောင့် ဒီအနတ္တလက္ခဏ သုတ် တရားတော်ကြီးကို ဟောကြားရပါလိမ့်မလဲလို့ ဒီလိုစဉ်းစားစရာရှိပါတယ်။

ဒိဋ္ဌမာနကို ပယ်ရန်

အပြေကတော့ သောတာပန်ဟာ အနတ္တလက္ခဏာကို သိပြီးဖြစ်တယ်ဆိုတာ လည်း ဟုတ်တယ်၊ အတ္တစွဲကင်းနေပြီဆိုတာလည်း မှန်တယ်။ ဒါပေမဲ့ ဒိဋ္ဌနဲ့တူတဲ့ မာနဆိုတာကတော့ သောတာပန်မှာရှိနေသေးတယ်။ ဒီမာနက အတ္တကောင်, အသက် ကောင်, ငါကောင် တကယ်ရှိတဲ့အနေနဲ့တော့ စွဲလမ်းတာမဟုတ်ပါဘူး။ ဒါပေမဲ့ ရုပ်နာမ်ဓမ္မာတွေကို အမှီပြုပြီးတော့ ငါဆိုတဲ့အနေနဲ့ တက်ကြွထောင်လွှားပြီးတော့ စွဲလမ်းနေပါတယ်။ အဲဒါကို "အသိမာန"လို့ ခေါ်ပါတယ်။ ငါပဲလို့ တက်ကြွ ထောင်လွှားတဲ့သဘောပါပဲ။ သူ့ကို "ဒိဋ္ဌမာန"လို့လည်းခေါ်ပါတယ်။ ဒိဋ္ဌနှင့် ခပ်တူတူ ဖြစ်နေလို့ ဒိဋ္ဌရဲ့ကိုယ်စားလှယ်သဘောရှိတဲ့ "မာန"လို့ ဆိုလိုပါတယ်။ ဒီမာနကို သောတာပတ္တိမဂ်က မပယ်နိုင်ပါဘူး။ အထက်မဂ်များကမှ ပယ်နိုင်ပါတယ်၊ အသက် မဂ်မှာတောင် အရဟတ္တမဂ်ကမှ အကြွင်းမဲ့ပယ်နိုင်တယ်။

ဒီအမျက်ကို အဘိပမ္ပပိုဋ္ဌက ဟပ္ပသမ်းစာ ပါဠိထက်၏အဖွင့် အပ္ပသဒ္ဒီ ဆိုတဲ့ အဋ္ဌကထာမှာ ဒီလိုရှင်းလင်းပြထားပါတယ်။ သောတာပတ္တိမဂ်မှသါတဲ့ သမ္မာဒိဋ္ဌိပဋိပဒေက သင်္ကာယဒိဋ္ဌိအရင်းခံရှိတဲ့ ပဋိပါးသော ပိဋ္ဌာဒိဋ္ဌိကို အကြွင်းမဲ့ပယ်တယ်။ ဒါပေမဲ့ သောတာပန်၏သန္တာန်မှာ သကဒါဂါမိမဂ်နဲ့ ပယ်ရမည့် ဟနက ရှိနေသေးတယ်၊ အဲဒီဟနက ဒိဋ္ဌိအရေးမှာတည်နေတယ်၊ ဒိဋ္ဌိဆရာမှာ တည်တယ်ကိုတာ ဒိဋ္ဌိနဲ့ခပ်တူတူ ဖြစ်နေတာကိုပဲ ဆိုလိုပါတယ်။ သကဒါဂါမိပဋိပဒေမှသါတဲ့ သမ္မာဒိဋ္ဌိက အဲဒီဟနကိုယ်တယ်။ သကဒါဂါပ်မှာလည်း အနာဂါမိမဂ်နဲ့ ပယ်ရမည့်ဟနက ရှိနေသေးတယ်။ အဲဒီဟနကို အနာဂါမိမဂ်မှသါတဲ့ သမ္မာဒိဋ္ဌိက ပယ်တယ်။ အနာဂါပ်မှာလည်း အရဟတ္တမဂ်နဲ့ ပယ်ရမည့်ဟနက ရှိနေသေးတယ်၊ အဲဒီဟနကို အရဟတ္တမဂ်မှသါတဲ့ သမ္မာဒိဋ္ဌိက အကြွင်းမဲ့ပယ်တယ်လို့ ဒီလိုရှင်းပြထားပါတယ်။

ဒါကြောင့် အထက်မဂ်များနှင့် ပယ်ရမည့် "အသိမဟန"လို့ခေါ်တဲ့ ဒီဋ္ဌိရဲ့ ကိုယ်စားလှယ် ငါနွဲ့ဒိဋ္ဌိမာနကို ပယ်နိုင်ရန်အတွက် သောတာပန်ပြစ်ပြီးသော ပဋ္ဌဝဂ္ဂီ ရဟန်းတော်များကို ပြတ်စွာဘုရားက ဒီအနတ္တလက္ခဏသုတ် တရားတော်ကြီးကို ဟောတော်မူရပါတယ်။ ဒီအနတ္တလက္ခဏာဟာ အလွန်လည်း အရေးကြီးပါတယ်။ ဒီအနတ္တလက္ခဏာက သိဖို့လည်း ခဲယဉ်းပါတယ်၊ သာသနာပမာဆိုလျှင် မသိနိုင်ပါဘူး၊ သာသနာတော်တွင်းမှာမှ သိနိုင်ပါတယ်။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ ဆိုတာတွေကတော့ အတုနဲ့အစစ် နှစ်မျိုးစီရှိတဲ့အတွက် အနိစ္စတု, ဒုက္ခတုတွေကိုတော့ သာသနာပမာလည်း သိနိုင်ကြပါတယ်။ အနတ္တလက္ခဏာကတော့ အဲဒီလို အတုရယ်လို့ မရှိတဲ့အတွက် သာသနာပမာ မသိနိုင်ပါဘူး။ သာသနာတွင်းမှာတောင်မှ အနိစ္စ, ဒုက္ခလက္ခဏာအစစ်တွေကိုသိပြင်ပါမှ အနတ္တလက္ခဏာကို သိနိုင်ပါတယ်။ ဒါကြောင့် ဒီသုတ်မှာ ရှေးဦးစွာ ဒုက္ခလက္ခဏာအစစ်ဖြင့် အနတ္တလက္ခဏာကို ဟော်ပြပြီး ဟောသွားပါတယ်။ အဲဒီအနတ္တလက္ခဏာကို သေသေချာချာ နားလည်အောင် ရိုရိုသေသေ စူးစိုက်ပြီး နာယူကြ နလုံးသွင်းကြစေလိုပါတယ်။ ပြတ်စွာဘုရားက ဒီလိုစပြီးဟော ကြားတော်မူပါတယ်။

သုတ်၏ ဘာသာပြန်

၁။ ရူပကွန္ဓာအနတ္တဖြစ်ပုံ

ရဟန်းတို့- ရူပ်သည် အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်ပေ၊ အတ္တကောင်ဟုတ်ပါမူ ဤရူပ်သည် နိုပ်စက်ဖို့ရာမဖြစ်တန်ထေရာ။ "ငါ၏ရူပ်သည် ဤလိုအကောင်းချည်းဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု ရူပ်၏ စီမံခန့်ခွဲခြင်းလည်း ရလေရာ၏။

အပုန်အားဖြင့်မူကား ရူပ်သည် အစိုးရသော အတွင်းသားအတ္တကောင် မဟုတ်ပေ။ အတ္တကောင်မဟုတ်သောကြောင့်ပင်လျှင် ရူပ်သည် နိုပ်စက်ဖို့ရာလည်း ဖြစ်လျက် ရှိချေသည်။ "ငါ၏ရူပ်သည် ဤလိုအကောင်းချည်းဖြစ်ပါစေ၊ ဤလိုအဆိုးကားမဖြစ်ပါစေလင့်"ဟု ရူပ်၌ စီမံခန့်ခွဲခြင်းလည်း မရဘဲ ရှိချေသည်။

မှတ်ဖွယ်ဆောင်ပုဒ်များ

ဤအရာ၌ ဘလမုထုစဉ်တို့ ခွဲလမ်းသော အတ္တမှာ စီဝအတ္တ, ပရမအတ္တဟူ၍ နှစ်မျိုးရှိသည်။ ကမ္မာလေးကနှင့် သတ္တဝါတွေကို ဖန်ဆင်းသူဟု ထင်မှတ်ခွဲလမ်းအပ်သော် ထာဝရဘုရား၏ အတ္တကို ပရမအတ္တဟု ခေါ်သည်။ ဖန်ဆင်းထားသည်ဟု ထင်မှတ်ခွဲလမ်းအပ်သော သတ္တဝါများ၏အတ္တကို စီဝအတ္တဟု ခေါ်သည်။ ထိုအတ္တကို သာမိ နိုဝါသီ ကာရက ဝေဒကဟု ထင်မှတ်ခွဲလမ်းကြ၏။ ထိုတွင်-

(က) ကိုယ်ထဲမှာ အလိုရှိတိုင်း အစိုးရသော ငါကောင်ရှိသည်ဟုထင်တာက သာမိအတ္တခွဲ။

(ခ) ကိုယ်ထဲမှာ အမြဲတည်နေသော ငါကောင်ရှိသည်ဟုထင်တာက နိုဝါသီ အတ္တခွဲ။

(ဂ) အမှုအရာဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တခွဲ။

(ဃ) အကောင်းအဆိုးဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟုထင်တာက ဝေဒကအတ္တခွဲ။

၂။ ဝေဒနာကွန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့- ခံစားမှုဝေဒနာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ။ အတ္တကောင်ဟုတ်ပါမူ ဤဝေဒနာသည် နိုပ်စက်ဖို့ရာ မဖြစ်တန်လေရာ။ "ငါ၏ဝေဒနာသည် ဤလို အကောင်းချည်းဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်"ဟု ဝေဒနာ၌ စိမ်ခန့်ခွဲ၍လည်း ရလေရာ၏။

အမှန်အားဖြင့်မူကား ခံစားမှုဝေဒနာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ။ အတ္တကောင်မဟုတ်သောကြောင့်ပင်လျှင် ဝေဒနာသည် နိုပ်စက်ဖို့ရာလည်း ဖြစ်လျက်ရှိချေသည်။ "ငါ၏ဝေဒနာသည် ဤလို အကောင်းချည်းဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု ဝေဒနာ၌ စိမ်ခန့်ခွဲ၍လည်း မရဘဲရှိချေသည်။

၃။ သညာကွန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့- မှတ်သားမှုသညာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင်ဟုတ်ပါမူ ဤသညာသည် နိုပ်စက်ဖို့ရာ မဖြစ်တန်လေရာ။ "ငါ၏သညာသည် ဤလိုအကောင်းချည်း ဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု သညာ၌ စိမ်ခန့်ခွဲ၍လည်း ရလေရာ၏။

အမှန်အားဖြင့်မူကား မှတ်သားမှုသညာသည် အစိုးရသောအတွင်းသားအတ္တကောင် မဟုတ်ပေ။ အတ္တကောင်မဟုတ်သောကြောင့်ပင်လျှင် သညာသည် နိုပ်စက်ဖို့ရာလည်း ဖြစ်လျက်ရှိချေသည်။ "ငါ၏သညာသည် ဤလိုအကောင်းချည်း ဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု သညာ၌ စိမ်ခန့်ခွဲ၍လည်း မရဘဲရှိချေသည်။

၄။ သင်္ခါရကွန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့- ပြုပြင်အားထုတ်မှုသင်္ခါရတို့သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင်ဟုတ်ပါမူ ဤသင်္ခါရတို့သည် နိုပ်စက်ဖို့ရာ မဖြစ်

ဆရာတော်လေးနှစ်ပါးကြည့်တိုက်
[illegible]
ကုမ္ပဏီ[illegible]

ကြတန်လေရာ။ "ငါ၏သင်္ခါရတို့သည် ဤလိုအကောင်းချည်း ဖြစ်ကြပါစေ၊ ဤလိုအဆိုးကား မဖြစ်ကြပါစေလင့်"ဟု သင်္ခါရတို့၌ စိမ်ခန့်ခွဲ၍လည်း ရလေရာ၏။

အမှန်အားဖြင့်မူကား ပြုပြင်အားထုတ်မှု သင်္ခါရတို့သည် အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်ပေ၊ အတ္တကောင်မဟုတ်သောကြောင့်ပင်လျှင် သင်္ခါရတို့သည် နိုပ်စက်ဖို့ရာလည်း ဖြစ်လျက်ရှိကြချေသည်။ "ငါ၏ သင်္ခါရတို့သည် ဤလို အကောင်းချည်းဖြစ်ကြပါစေ၊ ဤလိုအဆိုးကား မဖြစ်ကြပါစေလင့်"ဟု သင်္ခါရတို့၌ စိမ်ခန့်ခွဲ၍လည်း မရဘဲ ရှိချေသည်။

၅။ ဝိညာဏကွန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့- ကြဲသိမှုစိတ်ဝိညာဉ်သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင်ဟုတ်ပါမူ ဤစိတ်ဝိညာဉ်သည် နိုပ်စက်ဖို့ရာ မဖြစ်တန်လေရာ။ "ငါ၏ စိတ်ဝိညာဉ်သည် ဤလိုအကောင်းချည်း ဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု စိတ်ဝိညာဉ်၌ စိမ်ခန့်ခွဲ၍လည်း ရလေရာ၏။

အမှန်အားဖြင့်မူကား ကြဲသိမှုစိတ်ဝိညာဉ်သည် အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်ပေ၊ အတ္တကောင်မဟုတ်သောကြောင့်ပင်လျှင် စိတ်ဝိညာဉ်သည် နိုပ်စက်ဖို့ရာလည်း ဖြစ်လျက်ရှိချေသည်။ "ငါ၏စိတ်ဝိညာဉ်သည် ဤလိုအကောင်းချည်း ဖြစ်ပါစေ၊ ဤလိုအဆိုးကား မဖြစ်ပါစေလင့်"ဟု စိတ်ဝိညာဉ်၌ စိမ်ခန့်ခွဲ၍လည်း မရဘဲ ရှိချေသည်။

မှတ်ဖွယ်ဆောင်ပုဒ်များ

(က) ပညတ်အနိစ္စ၊ သိရုံမျှ၊ အနတ္တမပြင်နိုင်။ (အိုးကွဲခြင်း, လူသေခြင်းမျိုး ပညတ်အနိစ္စ)။

(ခ) ပညတ်ဒုက္ခ၊ သိရုံမျှ၊ အနတ္တမပြင်နိုင်။ (ဆူးစူးခြင်း စသည်ကြောင့် နာကျင်ခံစက်ခြင်းမျိုး ပညတ်ဒုက္ခ)။

(ဂ) ပရမတ်အနိစ္စ၊ သိပြင်မှ၊ အနတ္တပြင်နိုင်သည်။

(ဃ) ပရမတ်ခုက္ခ၊ သိမြင်မှု၊ အနတ္တမြင်နိုင်သည်။
(c) လက္ခဏာစစ်တွင်၊ တစ်ခုမြင်၊ အကုန်မင်သိတော့သည်။

အနုပဿနာ ၃ ပါး ဆောင်ပုံများ

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။
(က) ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။
(ခ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။
(ဂ) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟုသိတာက အနိစ္စာနုပဿနာဉာဏ်။

၂။ ဒုက္ခကို သိရမည်၊ ဒုက္ခလက္ခဏာကို သိရမည်၊ ဒုက္ခာနုပဿနာကို သိရမည်။
(က) ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက ဒုက္ခတရား။
(ခ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက ဒုက္ခလက္ခဏာ။
(ဂ) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟုသိတာက ဒုက္ခာနုပဿနာဉာဏ်။

၃။ အနတ္တကို သိရမည်၊ အနတ္တလက္ခဏာကိုသိရမည်၊ အနတ္တာနုပဿနာကို သိရမည်။
(က) ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနတ္တတရား။
(ခ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနတ္တလက္ခဏာ။
(ဂ) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟုသိတာက အနတ္တာနုပဿနာဉာဏ်။

အနတ္တလက္ခဏာကို ယနေ့ပုံးသည်

(က) ရှေ့နောက်တရား၊ ဓာတ်ပြားလျှက်၊ ပိုင်းခြားပပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သန္ဓတိယနေ့ တည်း။
(ခ) ရုပ်နာမ်အများ၊ သဘောပြားလျှက်၊ ပိုင်းခြားပပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သမ္ဘဟယနေ့ တည်း။
(ဂ) ရုပ်နာမ်အများ၊ ကိစ္စပြားလျှက်၊ ပိုင်းခြားပပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် ကိစ္စယနေ့ တည်း။
(ဃ) နာမ်သဘောများ၊ အာရုံပြားလျှက်၊ ပိုင်းခြားပပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် အာရမ္မဏယနေ့ တည်း။
(c) ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးယနေ့၊ ထင်ပေါ်က၊ အတ္တစ္ဆဲလမ်းသည်။
(စ) ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးယနေ့၊ ကြေပျက်မှ၊ အနတ္တ ဉာဏ်ပေါ်သည်။
(ဆ) ဉာဏ်မှန် အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ်ရောက်နိုင်သည်။

၆။ ရူပကွန္ဓာ၌ လက္ခဏာရေး ၃ ပါး စီစစ်ချက်

ရဟန်းတို့- ဒါကို ဘယ်လိုထင်ကြသလဲ၊ ရုပ်ဟာ မြဲသလား၊ မမြဲသလား။
မမြဲပါဘုရား။
မမြဲတဲ့တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ်ချမ်းသာလား။
ကြောက်ဖွယ်ဆင်းရဲပါဘုရား။
မမြဲ, ဆင်းရဲ, ပြောင်းလဲမောက်ပြန်တတ်သောတရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။
မသင့်ပါဘုရား။

၇။ ဝေဒနာကွန္ဓာ၌ လက္ခဏာရေး ၃ ပါး စီစစ်ချက်

စံစားမှုဝေဒနာဟာ မြဲသလား၊ မမြဲသလား။
မမြဲပါဘုရား။

မမြဲတဲ့တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ်ချမ်းသာလား။
ကြောက်ဖွယ်ဆင်းရဲပါဘုရား။
မမြဲ, ဆင်းရဲ, ပြောင်းလဲဖောက်ပြန်တတ်သောတရားကို ငါ့ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။
မသင့်ပါဘုရား။

စ။ သညာကွန္ဓာ၌ လက္ခဏာရေး ၃ ပါး စိစစ်ချက်
မှတ်သားမှ–သညာဟာ မြဲသလား၊ မမြဲသလား။
မမြဲပါဘုရား။
မမြဲတဲ့တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ်ချမ်းသာလား။
ကြောက်ဖွယ်ဆင်းရဲပါဘုရား။
မမြဲ, ဆင်းရဲ, ပြောင်းလဲဖောက်ပြန်တတ်သောတရားကို ငါ့ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။
မသင့်ပါဘုရား။

ဂ။ သင်္ခါရကွန္ဓာ၌ လက္ခဏာရေး ၃ ပါး စိစစ်ချက်
ပြုပြင်အားထုတ်မှ–သင်္ခါရတရားတွေဟာ မြဲသလား၊ မမြဲသလား။
မမြဲပါဘုရား။
မမြဲတဲ့တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ်ချမ်းသာလား။
ကြောက်ဖွယ်ဆင်းရဲပါဘုရား။
မမြဲ, ဆင်းရဲ, ပြောင်းလဲဖောက်ပြန်တတ်သောတရားကို ငါ့ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။
မသင့်ပါဘုရား။

ဃ။ ဝိညာဏကွန္ဓာ၌ လက္ခဏာရေး ၃ ပါး စိစစ်ချက်
ကြဲသိမှု စိတ်ဝိညာဉ်ဟာ မြဲသလား၊ မမြဲသလား။
မမြဲပါဘုရား။
မမြဲတဲ့တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ်ချမ်းသာလား။
ကြောက်ဖွယ်ဆင်းရဲပါဘုရား။
မမြဲ, ဆင်းရဲ, ပြောင်းလဲဖောက်ပြန်တတ်သောတရားကို ငါ့ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။
မသင့်ပါဘုရား။
(ငါ့ဥစ္စာဟု သာယာသိမ်းပိုက်ရန်လည်းမသင့်၊ ငါပဲဟု ဂုဏ်ယူပြီး အထင်ကြီးရန်လည်း မသင့်၊ ငါ၏အတ္တအထည်ကိုယ်ပဲဟု ထင်မှတ်စွမ်းလမ်းရန်လည်း မသင့်ဟု ဆိုလိုသည်)။

၁၁။ ရူပ်တရား၌ ၁၁ ဌာနဖြင့် ရှုရန်ညွှန်ပြချက်

ရဟန်းတို့–ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန်မသင့်သောကြောင့် ရူပ်သည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့ အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုရူပ်ဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တ မဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင် အမှန်အတိုင်းသိမြင်အောင်ရှုရမည်။

၁၂။ ဝေဒနာ၌ ၁၁ ဌာနဖြင့် ရှုရန်ညွှန်ပြချက်

ရဟန်းတို့–ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန်မသင့်သောကြောင့် ခံစားမှုဝေဒနာသည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့ အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုခံစားမှု ဝေဒနာဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တ မဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင် အမှန်အတိုင်းသိမြင်အောင်ရှုရမည်။

၁၃။ သညာ၌ ၁၁ ဌာနဖြင့် မှတ်ရန်ညွှန်ပြချက်

ရဟန်းတို့-ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန်မသင့်သောကြောင့် မှတ်သားမှုသညာသည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့. အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုမှတ်သားမှုသညာဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တ မဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင် အမှန်အတိုင်း သိမြင်အောင် ရှုရမည်။

၁၄။ သင်္ခါရတို့၌ ၁၁ ဌာနဖြင့် မှတ်ရန်ညွှန်ပြချက်

ရဟန်းတို့-ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန်မသင့်သောကြောင့် ပြုပြင်ကားထုတ်မှု သင်္ခါရတို့သည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့. အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုပြုပြင်စီရင်မှု သင်္ခါရဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင် အမှန်အတိုင်း သိမြင်အောင်ရှုရမည်။

၁၅။ စိညာဉ်၌ ၁၁ ဌာနဖြင့်ရှုရန် ညွှန်ပြချက်

ရဟန်းတို့-ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန်မသင့်သောကြောင့် ကြွေသိမှု စိတ်စိညာဉ်သည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့. အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုကြွေသိမှု စိတ်စိညာဉ်ဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင်အမှန်အတိုင်းသိမြင်အောင်ရှုရမည်။

ရူပ်ကို ၁၁ ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(ဂ၁) ရှေးဘဝက ရူပ်သည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝရူပ်သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ရူပ်သည် အနိစ္စ-မပြုပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများကရူပ်သည် ယခုနှစ်, ယခုလ, ယခုရက်, ယခုအချိန်ကာလသို့ မရောက်လာ၊ ယခုရူပ်သည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အချိန်ကာလများသို့ ရောက်မည်မဟုတ်။ ယခုပင် ချုပ်ပျက်သွားသောကြောင့် ရူပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတွင်းကရူပ်သည် အပြင်မရောက်၊ အပြင်ကရူပ်လည်း အတွင်းမရောက်လာ။ ထိုထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် ရူပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) ရူပ်ကြမ်းက ရူပ်နုမပြစ်၊ ရူပ်နုကလည်း ရူပ်ကြမ်းမပြစ်။ ထိုထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် ရူပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(c) ရူပ်ညံ့က ရူပ်ကောင်းမပြစ်၊ ရူပ်ကောင်းကလည်း ရူပ်ညံ့မပြစ်။ ထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် ရူပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(စ) အဝေးကရူပ်သည် အနီးမရောက်လာ၊ အနီးကရူပ်လည်း အဝေးမရောက်။ ထိုထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် ရူပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

ဝေဒနာကို ၁၁ ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက ဝေဒနာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝဝေဒနာသည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက်၊ကွယ်ပျောက်သွားပည်။ ထိုကြောင့် ဝေဒနာသည် အနိစ္စ-မပြိုပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများက ဝေဒနာသည် ယခုနှစ်, ယခုလ, ယခုရက်,ယခုအချိန်ကာလသို့ မရောက်လာ၊ ယခုဝေဒနာသည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အချိန်ကာလများသို့ ရောက်မည်မဟုတ်။ ယခုပင် ချုပ်ပျက်သွားသောကြောင့် ရှင်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတွင်းကဝေဒနာသည် အပြင်မရောက်၊ အပြင်ကဝေဒနာလည်း အတွင်းမရောက်လာ။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) ဝေဒနာကြမ်းက ဝေဒနာနုမဖြစ်၊ ဝေဒနာနုကလည်း ဝေဒနာကြမ်းမဖြစ်။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(c) ဝေဒနာညံ့က ဝေဒနာကောင်းမပြစ်၊ ဝေဒနာကောင်းကလည်း ဝေဒနာညံ့မပြစ်။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဝ) အဝေးကဝေဒနာသည်အနီးမရောက်လာ၊ အနီးကဝေဒနာလည်း အဝေးမရောက်။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

သညာကို ၁၁ ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက သညာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝဆညာသည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်သွားပည်။ ထိုကြောင့် သညာသည် အနိစ္စ-မပြိုပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများက သညာသည် ယခုနှစ်, ယခုလ, ယခုရက်,ယခုအချိန်ကာလသို့ မရောက်လာ၊ ယခုသညာသည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အချိန်ကာလများသို့ ရောက်မည်မဟုတ်။ ယခုပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတွင်းကသညာသည် အပြင်မရောက်၊ အပြင်ကသညာလည်း အတွင်းပရောက်လာ။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) သညာကြမ်းက သညာနုမဖြစ်၊ သညာနုကလည်း သညာကြမ်းမပြစ်။ ထိုထိုဓာတုမှာပင်ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(c) သညာညံ့က သညာကောင်းမပြစ်၊ သညာကောင်းကလည်း သညာညံ့မပြစ်။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဝ) အဝေးကသညာသည် အနီးမရောက်လာ၊ အနီးကသညာလည်း အဝေးမရောက်။ ထိုထိုဓာတုမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

သခ်ါရတို့ကို ၁၁ ဌာနခြင့် ရွာဆင်ခြင်ပုံ ပေးဆင်ပုဒ်များ

(က) ရှေးဘဝက သခ်ါရတို့သည် ယခုဘဝသို့ ပရောက်လာ၊ ရှေးဘဝမှာပင် ရှုပ်ယှက်ကွယ်ပျောက်ခဲ့ပြီ၊ ယမုဘဝသခ်ါရတို့သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ယှက်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် သခ်ါရတို့သည် အနိစ္စ-မပြတ်ပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများက သခ်ါရတို့သည် ယမုနှစ်, ယခုလ, ယခုရက်, ယခုအချိန်ကာလသို့ ပရောက်လာ၊ ယခုသခ်ါရတို့သည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အချိန်ကာလများသို့ ရောက်မည်မဟုတ်။ ယခုပင် ချုပ်ယှက်သွားသောကြောင့် သခ်ါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတွင်းကသခ်ါရတို့သည် အပြင်မရောက်၊ အပြင်ကသခ်ါရတို့လည်း အတွင်းမရောက်လာ။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် သခ်ါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) သခ်ါရကြီးတို့က သခ်ါရနုမပြစ်၊ သခ်ါရနုတို့ကလည်း သခ်ါရကြီးမပြင်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် သခ်ါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(c) သခ်ါရည့်တို့က သခ်ါရကောင်းမပြစ်၊ သခ်ါရကောင်းတို့ကလည်း သခ်ါရည့် မပြစ်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် သခ်ါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဇ) အဝေးကသခ်ါရတို့သည် အနီးပရောက်လာ၊ အနီးကသခ်ါရတို့လည်း အဝေးပရောက်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် သခ်ါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

ဝိညာဉ်ကို ၁၁ ဌာနခြင့် ရွာဆင်ခြင်ပုံ ပေးဆင်ပုဒ်များ

(က) ရှေးဘဝက ဝိညာဉ်သည် ယခုဘဝသို့ ပရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ယှက်ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝဝိညာဉ်သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ယှက်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ဝိညာဉ်သည် အနိစ္စ-မပြတ်ပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများက ဝိညာဉ်သည် ယခုနှစ်, ယခုလ, ယခုရက်,ယခုအချိန်ကာလသို့ ပရောက်လာ၊ ယခုဝိညာဉ်သည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အချိန်ကာလများသို့ ရောက်မည်မဟုတ်။ ယခုပင် ချုပ်ယှက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတွင်းကဝိညာဉ်သည် အပြင်မရောက်၊ အပြင်ကဝိညာဉ်လည်း အတွင်းမရောက်လာ။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) ဝိညာဉ်ကြီးက ဝိညာဉ်နုမပြစ်၊ ဝိညာဉ်နုကလည်း ဝိညာဉ်ကြီးမပြစ်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(c) ဝိညာဉ်ည့်က ဝိညာဉ်ကောင်းမပြစ်၊ ဝိညာဉ်ကောင်းကလည်း ဝိညာဉ်ည့် မပြင်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဇ) အဝေးကဝိညာဉ်သည် အနီးပရောက်လာ၊ အနီးကဝိညာဉ်လည်း အဝေးမရောက်။ ထိုထိုဓာတုမှာပင် ချုပ်ယှက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

၁၆။ နိဗ္ဗိန္ဒာဂ္ဂေါ်နှင့်တကွ ပဂ်, ဗိုလ်ဂ္ဂေါ်များပြစ်ပုံ

ရဟန်းတို့~ အကြားအပြင်နှင့်ပြည့်စုံသော ဘုရား,တပည့် အဂ္ဂိယာသာဝကသည် ဤဆိုခဲ့သည့်အတိုင်း သိပြင်လျှင် ရှမ်ဒ္ဓလည်း မကျော်မမွှ. ငြီးငွေ့လေတော့သည်, ဝေဒနာဒ္ဓလည်း မကျော်မမွှ. ငြီးငွေ့လေတော့သည်, သညာဒ္ဓလည်း မကျော်မမွှ. ငြီးငွေ့လေတော့သည်, သင်္ခါရတို့ဒ္ဓလည်း မကျော်မမွှ. ငြီးငွေ့လေတော့သည်, စိတ်ဝိညာဉ်ဒ္ဓလည်း မကျော်မမွှ. ငြီးငွေ့လေတော့သည်။

ငြီးငွေ့လျှင် တပ်စွဲခြင်း ကင်းလေတော့သည်, တပ်စွဲခြင်းကင်းသောကြောင့် လွတ်ပြောက်လေတော့သည်, လွတ်ပြောက်ပြီးလျှင် "ဝိုစိတ် လွတ်မြောက်သွားပြီ" ဟု ဆင်ခြင်လျက် အသိဉာဏ်ဖြစ်လာလေသည်, "ဘဝသစ်ဖြစ်မှု ကုန်ပေပြီ, အကျင့်ပြတ်ကို ကျင့်သုံးမှု ပြည့်စုံပေပြီ, ပြုဖွယ်ကိစ္စကို ပြုမှု ပြီးဆုံးပေပြီ, ဤကိစ္စအတွက် နောက်ထပ်ပြုရန်မရှိတော့ပြီ" ဟု ဆင်ခြင်လျက် သိလေတော့၏။

၁၇။ ပဌဝဂ္ဂီရဟန်းတော်များ ရဟန္တာဖြစ်ပုံ

ဤ အနတ္တလက္ခဏသုတ္တန်တရားတော်ကြီးကို မြတ်စွာဘုရား ဟောကြားတော်မူသည်။ ပဌဝဂ္ဂီရဟန်းတော်တို့သည် မြတ်စွာဘုရား ဟောကြားသည့် တရားတော်ကို ဝမ်းမြောက်ကြလျက် နှစ်သက်သဘောကျလေကုန်ပြီ။ ဤတရားတော်ကို ဟောစဉ်မှာ ပဌဝဂ္ဂီရဟန်းတော်ငါးပါးတို့၏ စိတ်နှလုံးတော်များသည် တစ်ခုတစ်ခုကိုမျှ မစွဲလမ်းဘဲ အာသဝေါတရားလေးပါးတို့မှ လွတ်မြောက်သွားကြပေသတည်း။

ကဲ~ တရားတော် အဆုံးသတ်တော့မယ်, ဒီအနတ္တလက္ခဏသုတ္တန်၌ ဟောကြားတော်မူအပ်သော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့နှင့်တကွ လိုရင်းပဓာနဖြစ်သော အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် နှုမှတ်မှားများ ပိုင်းခြားသိမြင်ကြ၍ အာသဝေါတရား ၄ ပါးတို့မှ လွတ်မြောက်ရာဖြစ်သော "အရဟတ္တဖိုလ် နိဗ္ဗာန်"ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

အနတ္တလက္ခဏသုတ် ပြီးပါပြီ။

မှာသတေးချက်။ ။ သုတ်၏ အာသာပြန်နှင့် ဆောင်ပုံအကျဉ်းချုပ်မှာသာဖြစ်သည်, ဟောစဉ် အဓိပ္ပာယ်မှာ အလွန်ကျယ်ဝန်းသောကြောင့် ဤစာအုပ်ငယ်၌ မဖော်ပြနိုင်ပါ, ဤတရားထောက်၌ ၁ မှ ၁၇ အထိ ဂဏန်းစဉ်နှင့်တကွ ပြထားသော ဝေါင်းစဉ်အောက်ရှိ စာပိုဒ်များမှာ သုတ်ရင်း၏ ပြန်မဟပြန်များ ဖြစ်ပါသည်, ကြွင်းသောစာပိုဒ်များမှာ ဆရာတော်၏ အဓိပ္ပာယ်ပေါင်းပြုချက်နှင့် ဆောင်ပုံများ ဖြစ်ပါသည်။